# လိုင်စင်ရရှိသူ၏ လိုက်နာရမည့်တာဝန်များ ပျက်ကွက်ခြင်းအတွက် အရေးယူဆောင်ရွက်ကြောင်း အသိပေးခြင်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် အတည်ပြုပြဋ္ဌာန်းထားသော ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများ၊ ထုတ်ပေးထားသော လိုင်စင်ပါစည်းကမ်းချက်များနှင့် ထုတ်ပြန်သော ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်မှုမရှိသည့် အောက်ဖော်ပြပါကုမ္ပဏီများ၏ လုပ်ငန်းလိုင်စင်များကို အပြီးအပိုင်ရုပ်သိမ်းပယ်ဖျက်လိုက်ကြောင်းနှင့် တရားဝင်ကုမ္ပဏီမှတ်ပုံတင်ဖွဲ့စည်းထားသော ကုမ္ပဏီအမည်နှင့် အစုရှယ်ယာရှင်အဖွဲ့ဝင်လူပုဂ္ဂိုလ်အားလုံးကို အမည်ပျက်စာရင်း (Black List) သွင်းနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးပါသည်-

<table>
<tr><th>စဉ်</th><th>ကုမ္ပဏီအမည်</th><th>ရရှိသည့် လိုင်စင် အမျိုးအစား</th><th>ဖောက်ဖျက်မှု</th><th>အရေးယူမှု</th><th>လိုင်စင်အား ပယ်ဖျက်သည့်နေ့</th></tr>
<tr><td>(က)</td><td>Everlasting Rainbow Construction Co., Ltd</td><td>NFS(I)</td><td rowspan="4">ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၁၅ အရ လိုင်စင်ရရှိသူ၏ တာဝန်များအား လိုက်နာမှုမရှိခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများ အပိုဒ် ၂၄ (က) (၃) အရ အခကြေးငွေ ပေးဆောင်ရန် ပျက်ကွက်ခြင်း။</td><td rowspan="4">ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၅၇ (ဂ) နှင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာအပိုဒ် ၄၁ (က) (၄) တို့အရ လိုင်စင်ကို ပယ်ဖျက်ခြင်း။</td><td>၅-၁၂-၂၀၂၅</td></tr>
<tr><td>(ခ)</td><td>Myanmar Golden 11 Investment Co., Ltd</td><td>NFS(C) နှင့် AS</td><td>၅-၁၂-၂၀၂၅</td></tr>
<tr><td>(ဂ)</td><td>Tai Telecom Development (TTD) Co., Ltd</td><td>NFS(C) နှင့် AS</td><td>၅-၁၂-၂၀၂၅</td></tr>
<tr><td>(ဃ)</td><td>VNG Myanmar Co., Ltd</td><td>AS</td><td>၅-၁၂-၂၀၂၅</td></tr>
</table>

ရှင်းလင်းချက်။ ကွန်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (အထူး) [NFS (I)]
ကွန်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (သာမန်) [NFS (C)]
အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင် [AS]